**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၄၂ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**မြန်မာနိုင်ငံသို့ ASEAN Coordinating Centre of Humanitarian Assistance on Disaster Management ( AHA Centre ) မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းခြင်း**

၁။ အာဆီယံခေါင်းဆောင်များ၏ ဂျကာတာမြို့ ၂၄ - ၄ - ၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တူညီဆန္ဒ ( ၅ )ချက်ကို အကောင်အထည်ဖော်ဆောင်ရေးသဘော တူညီခဲ့ပါသည်။ ယင်းတူညီဆန္ဒ (၅) ချက်ပါ စတုတ္ထအချက်နှင့်အညီ အာဆီယံလူသားချင်းစာနာ ထောက်ထားစာနာမှု အကူအညီများပေးရန် မြန်မာနိုင်ငံ၏ မေတ္တာရပ်ခံချက်၊ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်ကို အာဆီယံအတွင်းရေးမှူးချုပ် ဦးဆောင်၍ အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းဗဟိုဌာနက လုပ်ငန်းများလည်ပတ်ရေး အတွက် စီစဉ်လျက်ရှိပါသည်။

၂။ အာဆီယံအတွင်းရေးမှူးချုပ်ဦးဆောင်သည့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်ကာလအတွင်း အဆင်ပြေချောမွေ့၍ ထိရောက်သော ပံ့ပိုးကူညီမှုများနှင့် ဆောင်ရွက်နိုင်ရေးအတွက် **"AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force)"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
လုဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လုဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး(၁)
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး(၂)
ပြည်ထောင်စုဝန်ကြီးရုံး
ကျန်းမာရေးဝန်ကြီးဌာန

၃။ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) မြန်မာနိုင်ငံသို့ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာအကူအညီများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် အာဆီယံမှပေးပို့သည့် အဆိုပြုချက်များကို လေ့လာတင်ပြရန်၊

(ခ) ကိုဗစ် – ၁၉ ရောဂါတုံ့ပြန်ရေးအကူအညီအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့်ပတ်သက်၍ အကူအညီများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) ပြည်တွင်း၌ လူသားချင်းစာနာထောက်ထားမှုပံ့ပိုးပေးသည့်ပစ္စည်းများ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း အပါအဝင် ပြည်တွင်းအခြေစိုက် အခြားသောလူမှုအဖွဲ့အစည်းများနှင့် အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်ခြင်း အပါအဝင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်သွားရန်၊

(င) လှူဒါန်းပစ္စည်းများ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိရေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့မှ မြန်မာနိုင်ငံသို့ လာရောက်မည့်အဖွဲ့များ၏ ခရီးစဉ် စိစစ်ခြင်း၊ လုံခြုံရေးကိစ္စအပါဝင် အုပ်ချုပ်မှုကိစ္စအဝဝတို့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(စ) လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ခြင်း၊ လက်ခံခြင်းကိစ္စများ ညှိနှိုင်းဆောင်ရွက်ရာတွင် နိုင်ငံရေးအရစွက်ဖက်မှုမရှိစေရေးစောင့်ကြည့်ပြီး ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိမ်စောင့်အစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ရန်။

အမိန့်အရ

ဇော်အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး